ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ စနေနေ့၊ (15-3-2008) (၅၆၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့သြရှုမောလောက်အောင် တိုးတက်ပေါ်ထွန်းလာ

အဖျက်ရန်စွယ်အမျိုးမျိုးဖြင့် နှောင့်ယှက်ကြသည့်ကြားမှပင် မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား အပြည့်အဝရှိသော မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့သြရှုမောလောက်အောင် တိုးတက်ပေါ်ထွန်းလာသည်။ ဒီမိုကရေစီခရီးစဉ်ကလည်း ခရီးပေါက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ စေတနာမှန်သောကံတရားက မြင့်တက်လာသည်။

မောင်ပွင့်လင်း၏ **"ဗိုလ်ချုပ်၏ မျိုးချစ်စိတ်ဓာတ်နှင့် မျိုးစောင့်တရားအခြေခံသော ရွေးကောက်ပွဲမှု ဘယ်သူက ဘာကြောင့် မကြိုက်တာလဲ"** (ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၃-၂၀၀၈
(စနေနေ့)

အမျိုးသားရေးဂုဏ်ရည် ထိန်းသိမ်းမြှင့်တင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့သည် ယနေ့ကာလတိုင် တည်တံ့ခိုင်ခံ့နေဆဲဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းရေးသည် အရေးကြီးသည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်ကြောင်း သတိပြုကြရမည် ဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာမှ ယဉ်ကျေးမှုဓလေ့စရိုက်များ စိမ့်ဝင်ထိုးဖောက်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် လူငယ်လူရွယ်များအကြား တိုင်းတစ်ပါးတေးဂီတ၊ အနုပညာ အဆိုအက၊ ဝတ်စားဆင်ယင်မှုမှအစ လူနေမှုဓလေ့စရိုက်၊ လူနေမှုပုံစံများ လျှင်လျှင်မြန်မြန် လွှမ်းမိုးလာလျက်ရှိသည်။

ယနေ့ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ အသိအမြင် ဗဟုသုတ၊ အတွေးအခေါ်များ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။ ပြောင်းလဲလာသော လူမှုပတ်ဝန်းကျင်တွင် ခေတ်အလိုက် ဆန်းသစ်တီထွင်မှုများရှိလာရန်လည်း လိုအပ်ပေသည်။

သို့သော် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုအမြင်မတင့်တယ်သည့် မလုံမခြုံဝတ်စားဆင်ယင်မှု၊ မြန်မာ့ဓလေ့စရိုက်နှင့် မကိုက်ညီသည့် ပြုမူပြောဆိုမှုနှင့် ဟီရိဩတ္တပ္ပကင်းမဲ့သည့် နေထိုင်မှုများကိုမူ ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်သည်။

အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည်။ မျိုးဆက်သစ်လူငယ်လူရွယ်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ပယဉ်ကျေးမှု၊ လူနေမှု ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို ခေတ်ရေစီးကြောင်းဟု သတ်မှတ်ယူဆကာ အတုယူ မမှားမိစေရေး သတိပြုကြရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင် ပြုမူနေထိုင်ကြခြင်းဖြင့် အမျိုးသားရေး ဂုဏ်ရည်မြင့်မားရေး ထာဝစဉ် ထိန်းသိမ်းမြှင့်တင်ကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားနိုင်ငံမှ ရုပ်မြင်သံကြားအဖွဲ့ လာရောက်တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Producer, Mr. Andrey Fedorov ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ Russia Today (RT) ရုပ်မြင်သံကြားအဖွဲ့သည် ရန်ကုန်မြို့ရှိ Society of Russia Myanmar မှ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy လိုက်ပါလျက် ယမန်နေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Producer, Mr. Andrey Fedorov ခေါင်းဆောင်သည့် Russia Today (RT) ရုပ်မြင်သံကြားအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၇၁)သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် မဟာစည်အနောက် (ဟာမစ်တစ်မှတ်တိုင်)အနီး တောင်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး ဖိတ်စာရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူ ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးညွန့်ရွှေ ဖုန်း-၀၁-၆၁၁၀၁၈၊ ဦးအောင်ကျော်မြ ဖုန်း-၀၁-၅၆၃၆၆၇၊ဒေါ်သန်းသန်းမြင့် ဖုန်း-၀၁-၅၇၈၆၇၂၊ ဦးမောင်ကြယ် ဖုန်း-၀၁-၅၅၃၁၀၂၊ ဦးစောဟာရေး ဖုန်း-၀၁-၆၄၀၁၄၃၊ ဦးစောဒါလင် ဖုန်း-၀၉-၈၉၂၇၆၉၂၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထားဝယ်မြို့ သရဖီလမ်း ခုံဝင်းဒပ်ရပ်နေ ဦးမြင့်စိုး-ဒေါ်သန်းသန်းသန္တာ၊ သား မောင်ထွန်းလင်းအောင်၊ သား မောင်ခိုင်စိုးနောင်၊ သမီး မမြဟေမာစိုး မိသားစုက နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့ (၁၄)ရပ်ကွက် ဒဂုံဆယ်တော်မူမြဘုရားကြီး တည်ထားရေးအတွက် အလှူငွေကျပ် နှစ်သိန်းကို ဂေါပက ဥက္ကဋ္ဌ ဦးကြည်ဟန်၊ ဦးချစ်၊ ဦးဇော်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျောင်းကုန်းလမ်းနေ ကွယ်လွန်သူ ဦးတင်အောင်(ပညာရောင်ခြည်စာပေ)အားရည်စူး၍ ဇနီးဒေါ်ခင်နုနှင့် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်ထံ လှူဒါန်းစဉ်။ (က-ပ)

ဟိတေသီအဖွဲ့ ပဒေသာပင်ရေစက်ချမည်

ရန်ကုန် မတ် ၁၄

ဟိတေသီအဖွဲ့၏ (၁၈)ကြိမ်၊ (၁၉) ကြိမ်မြောက် ပဒေသာပင် အပင် ၂၀၀၀ ပြည့်ရေစက်ချအလှူပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မတ် ၂၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် မတ် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယု (ဦးစီးအရာရှိ)သည် မတ် ၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်းဝန်ထမ်း အဆင့်ဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအောက်ရှိ မြို့နယ်ဥက္ကဋ္ဌများ၊ ဂိတ်မှူးများ၊ ကြီးကြပ်ရေးမှူးများ ပါဝင်သည့် အင်အား ၆၁ ဦးအား သန်လျင်၌ လည်းကောင်း **(အပေါ်ပုံ)**၊ မတ် ၁၁ ရက်တွင် အင်အား ၅၇ ဦးအား ဒလမြို့၌ လည်းကောင်း ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာကေတမူလမင်းကွန်း ရိပ်သာသင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း သာကေတမြို့နယ် ၉ ရပ်ကွက် နဝရတ်(၂) လမ်းရှိ မူလမင်းကွန်းဓမ္မရိပ်သာ၌ သင်္ကြန် ၁၀ ရက် တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၄၇၂၈၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၀ ရက် ညနေအရောက် လာရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

မဟာစည်ဩဝါဒခံ ပြည့်စုံအေးရိပ်သာ ဘောဇနအေး နှစ်ထပ်ဆွမ်းစားဆောင်အတွက် ရိပ်သာပဓာနနာယက တောင်ငူဆရာတော် ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ သုဇာတ အရှင်သူမြတ်ထံ အင်းစိန်ပိန္နဲကုန်း ရပ်ကွက်နေ ကွယ်လွန်သူ ဦးပေါ်သစ်-ဒေါ်သန်းစိန်တို့အား ရည်စူး၍ ဦးမြင့်သိန်း (SAE လှည်းကူးမြို့နယ်စည်ပင်)-ဒေါ်မြင့်မြင့်သိန်း မိသားစုက အလှူငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (၆၁)

✪ ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တန့်ယန်းမြို့ ဆင်များရှင်စေတီတော် အကြိမ်(၂၀)မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ တပ်ဦးကျောင်းတိုက် ဆင်များရှင်ကုန်းတော်တွင် တည်ရှိသော ဆင်များရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်) မတ် ၂၁ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တန့်ယန်းမြို့နယ် သံဃနာယကဆရာတော်များ၊ မြို့တွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ ပါးတို့ ကြွရောက်အလှူခံကြမည်ဖြစ်ပြီး တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ဘဒ္ဒန္တနန္ဒိယတို့ ဦးဆောင်၍ ကျောင်းဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ် ပစ္စည်းအမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၉ရက် နံနက် ၉နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြို့နှင့် ဦးခွန်အောင်ငြိမ်း၊ မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြို့က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကယားပြည်နယ် ကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၈ ရက် နံနက် ၉ နာရီတွင် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ်၊ ဒီမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **–နဂါးလမ်း (ဒုတိယပိုင်း) (ကျော်ရဲအောင်၊ နေတိုး၊ ခိုင်သင်းကြည်)**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပုံရိပ်ပမာ (အပိုင်း–၈၂)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူရွှင်တော်ရွှေဖလား
၁၈။ English Usage
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သွေးသစ္စာဓား (အပိုင်း–၂)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

တရုတ်နိုင်ငံ၌ လောင်တန်ရေအားလျှပ်စစ် စီမံကိန်းပြီးစီး

နန်နင်း မတ် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လောင်တန်ရေအားလျှပ်စစ် စီမံကိန်းတွင် ရေကာတာ တည်ဆောက်ခြင်း လုပ်ငန်းသည် ပြီးစီးပြီဖြစ်ကြောင်း ယင်းစီမံကိန်းမန်နေဂျာက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တောင်ပိုင်း ကွမ်စီကျွမ်းဒေသရှိ ပါးလ်မြစ်ထဲသို့ စီးဝင်နေသော ဟောင်ရှိမြစ်လက်တက်ပေါ်ရှိ လောင်တန်စီမံကိန်းသည် အရှေ့ပိုင်းနှင့် ကမ်းခြေဒေသများသို့ လျှပ်စစ်ဓာတ်အား ပေးပို့ရေးနှင့် အနောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ဆောင်ရွက်မှုများမှ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

တရုတ်ယွမ်ငွေ သန်း၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၄ဒသမ ၂သန်း) ကုန်ကျပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆ ဒသမ ၃ သန်း ထုတ်လုပ်ပေးနိုင်သည့် ထိုစီမံကိန်းသည် တရုတ်ပြည်တွင် တတိယအကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။ ပြီးစီးပြီဖြစ်သော ရေကာတာသည် ၂၁၆ ဒသမ ၅ မီတာ မြင့်ပြီး ၈၃၂ မီတာ ရှည်လျားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် တိုက်ခိုက်မှုများနှင့် ပုံးခွဲမှုများဖြစ်ပွား၊ ၄၆ ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၃

အီရတ်နိုင်ငံတွင် မတ် ၁၁ ရက်က တိုက်ခိုက်မှုနှင့် ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး ၄၆ဦး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

ထိုနေ့တွင် လမ်းဘေးဗုံးခွဲမှုနှင့် လက်နက်ကိုင် ခုခံရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အကြားလည်း ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ဇွန်လအချိန်မှစ၍ ရေတွက်လျှင် ဆူပူမှုများသည် ၆၀ရာခိုင်နှုန်းမျှအထိ ကျဆင်းသွားကြောင်း စာရင်းများက ဖော်ပြသည်။ သို့သော် အင်္ဂါနေ့က ပေါ်ပေါက်လာသည့် တိုက်ခိုက်မှုများက လုံခြုံရေး အခြေအနေသည် စိတ်မချရသေးကြောင်း ပြသလျက်ရှိသည်ဟု ဆိုသည်။

နိုင်ငံတောင်ပိုင်း ကွတ်မြို့တွင် အမေရိကန်ဆန့်ကျင်သူ မိုတာဒါအယ်လ်ဆာဒါ၏ နောက်လိုက်များနှင့် အမေရိကန်များ ကျောထောက်နောက်ခံပြုထားသော အီရတ် တပ်ဖွဲ့များအကြား တိုက်ပွဲ ဖြစ်ပွားရာ ၁၄ဦး သေဆုံးသွားသည်ဟု လုံခြုံရေးဆိုင်ရာများက ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် ၂၃ မိုင်အကွာရှိ နာဆီးရီးယားမြို့တွင် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံး ထိမှန်ခံရရာ အမျိုးသမီးနှင့် ကလေးများ အပါအဝင် အများအပြား သေဆုံးသွားကြောင်း သိရသည်။ အသက်မသေကျန်ရှိသူများ၏ အဆိုအရ ထိုဗုံးသည် အမေရိကန်စစ်ယာဉ်တန်းကို ရည်ရွယ်၍ ထောင်ထားသော ဗုံးဖြစ်ဟန် ရှိကြောင်းသိရသည်။***အမ်အင်အေ၊ရိုက်တာ။***

ဘော့ဆွာနာနိုင်ငံ ကင်ဘာလိုက် သတ္တုတွင်းလုပ်ငန်းခွင်တစ်နေရာကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူ၏ အေ-၃၈၀ လေယာဉ် တိုကျိုသို့ မေလတွင်စတင်ပျံသန်းမည်

စင်ကာပူ မတ် ၁၄

စင်ကာပူ လေကြောင်းလိုင်းသည် အဲဘတ်စ်အေ-၃၈၀ လေယာဉ်ဖြင့် စင်ကာပူ-တိုကျိုခရီးစဉ်ကို မေ ၂၀ရက်တွင် စတင်ပျံသန်းမည်ဖြစ်သည်။ စင်ကာပူနိုင်ငံမှ ပျံသန်းမည့် အဆိုပါကမ္ဘာ့အကြီးဆုံးခရီးသည်တင် ဂျက်လေယာဉ်သည် တိုကျို နာရီတာလေဆိပ်ကို လေကြောင်းလိုင်း၏ တတိယမြောက် ရပ်နားမည့်လေဆိပ်အဖြစ် သတ်မှတ်ထားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တိုကျို နာရီတာလေဆိပ်ဖွင့်လှစ်သည့် အနှစ် ၃၀ ပြည့်အခမ်းအနားနေ့တွင် အဲဘတ်စ်အေ-၃၈၀ လေယာဉ်ကို ပထမဆုံးပျံသန်းရန် စင်ကာပူ လေကြောင်းလိုင်းက စီစဉ်ထားသည်။ နောက်ပိုင်းတွင် အဆိုပါလေယာဉ်သည် ဂျပန်နိုင်ငံ နာရီတာလေဆိပ်သို့ နေ့စဉ် ပျံသန်းသွားမည်ဟု ဆိုသည်။ စင်ကာပူ လေကြောင်းလိုင်း (အက်စ်အိုင်အေ)သည် အေ-၃၈၀ လေယာဉ်ဖြင့် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၅ ရက်က စင်ကာပူမှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပထမဆုံး ပျံသန်းခဲ့သည်။ တတိယမြောက် အေ-၃၈၀ လေယာဉ်ကို လက်ခံရယူပြီးနောက် မတ် ၁၈ရက်တွင် လန်ဒန်မြို့သို့ ပျံသန်းရေးအစီအစဉ်ကိုလည်း စတင်သွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာဘင်လေဆိပ်တွင် လေယာဉ်အကြမ်းဖက်မှု နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြသည်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နျူကလီးယားအစီအစဉ်ကိုလုပ်ဆောင်ရာ၌ အိုင်အေအီးအေနှင့်အီရန် ပူးတွဲဆောင်ရွက်မည်

တီဟီရန် မတ် ၁၄

အီရန်နိုင်ငံသည် ယင်း၏အဏုမြူ လုပ်ငန်းများကို လုပ်ကိုင်ရာ၌ နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)နှင့် ဆက်လက်ပူးတွဲ ဆောင်ရွက်သွားမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟိုဆေးနီက မတ် ၁၀ ရက်တွင် ပြောကြားချက်ကို အီရန်နိုင်ငံပိုင် ရုပ်သံဌာနက ထုတ်လွှင့်သည်။

အီရန်နိုင်ငံသည် အိုင်အေအီးအေနှင့် ဆက်လက်ပူးတွဲ၍ နိုင်ငံတကာ စည်းမျဉ်းများနှင့် နျူကလီးယား မပြန့်ပွားရေးသဘောတူညီချက် (အင်န်ပီတီ) မူဘောင်များအတွင်းမှ နျူကလီးယား အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဟု အပတ်စဉ်သတင်းစာ ရှင်းလင်းပွဲ၌ ဟိုဆေးနီ၏ ပြောကြားချက်ကို သတင်း၌ ဖော်ပြထားသည်။

အီရန်နိုင်ငံသည် ကုလသမဂ္ဂ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံဖြစ်သော တရုတ်၊ ရုရှား၊ ဗြိတန်၊ ပြင်သစ်နှင့်အမေရိကန်တို့ အပြင် ဂျာမနီနိုင်ငံတို့နှင့် ဆွေးနွေးပွဲများပြုလုပ်ရန် အသင့်ရှိကြောင်း၊ နှစ်ဖက်စလုံးက သဘောတူညီထားသော ပြဿနာကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ရေး လုပ်ငန်းများကို ရပ်ဆိုင်းရန်အတွက် ဖိအားပေးသည့်အနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ချမှတ်ခဲ့သည်။

အီရန်ကို ထပ်မံ အရေးယူပိတ်ဆို့ရေးဆုံးဖြတ်ချက်ကို ကန့်ကွက်မဲ မရှိ ၁၄မဲဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံက ပြီးခဲ့သည့်တနင်္လာနေ့တွင် မဲခွဲဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကို အင်ဒိုနီးရှားနိုင်ငံက မဲမပေးဘဲနေသည်။

အီရန်နိုင်ငံကို ထပ်မံအရေးယူပိတ်ဆို့မှုတွင် ခရီးသွားလာခွင့်ကန့်သတ်ပိတ်ပင်ခြင်း၊ နိုင်ငံခြားရှိ အီရန်ပိုင်ပစ္စည်းများကို ထိန်းချုပ်ခြင်း၊ စစ်ရေးနှင့်စက်မှု လုပ်ငန်းနှစ်မျိုးသုံးနိုင်သော ပစ္စည်းတင်ပို့မှုကို ထိန်းချုပ်ခြင်း၊ တင်ပို့ကုန် ချေးငွေပေးမှုရပ်ဆိုင်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကဏ္ဍတွင် စောင့်ကြည့်လေ့လာခြင်း၊ အီရန်ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ပို့ကုန်များကို စစ်ဆေးခြင်းနှင့် လိုအပ်လျှင် ထပ်မံ တိုးမြှင့်အရေးယူခြင်း စသည်အစီအစဉ်များ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အကြမ်းဖက်သမားဟု သံသယရှိသူ နှစ်ဦး ဖိလစ်ပိုင်တွင် ဖမ်းမိ

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားသား ဧည့်သည်အများအပြား လာရောက်လေ့ရှိသော အလယ်ပိုင်း အော့ကလန်ပြည်နယ် ဘိုရာကေကျွန်းတွင် နိုင်ငံခြားသားတစ်ဦးအပါအဝင် အကြမ်းဖက်သမားများဟု သံသယရှိသူနှစ်ဦးကို ထောက်လှမ်းရေးတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း သတင်းများတွင် အင်္ဂါနေ့က ဖော်ပြသည်။ ဂျာမေးအစ္စလမ်မီယားအဖွဲ့မှဟု သံသယရှိသူ၏ အမည်မှာ အယ်လ်မီစာဘာဘိုနာဒဲလ်ဖြစ်ပြီး အဘူဆေယက်အုပ်စုမှဟု ထင်ရသူ၏ အမည်မှာမိုဟာမက်ဘာနီမာကာယာ ဖြစ် ကြောင်းကို စစ်တပ်သတင်းများကို ကိုးကား၍ ဖိလစ်ပိုင် ရုပ်မြင်သံကြားလိုင်း အေဘီအက်(စ်)-စီဘီအန်က ကြေညာသွားသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီအတွင်းက လူ ၁၀၀ ကျော်သေဆုံးခဲ့ရသော မနီလာပင်လယ်အော်၌ ကူးတို့သင်္ဘောတစ်စင်းကို ဗုံးဖောက်ခွဲခဲ့သူများမှာ ထိုအကြမ်းဖက်အဖွဲ့အစည်းနှစ်ဖွဲ့ဟု စွပ်စွဲထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူအေအီးတွင် ယာဉ်တိုက်မှုဖြစ်ပွား သုံးဦးသေဆုံးပြီး ၂၇၀ ကျော် ဒဏ်ရာရ

အဘူဒါဘီ မတ် ၁၃

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တွင် မတ် ၁၁ ရက်က မြူများ ထူထပ်စွာဆိုင်းနေချိန် နံနက်ပိုင်း၌ ကားဒါဇင်ပေါင်းများစွာတို့ အတွဲလိုက် ဆင့်ကဲတိုက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၂၇၇ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုသည် ယူအေအီးတွင် ဖြစ်ပွားသည့် အကြီးမားဆုံးသော ယာဉ်တိုက်မှုပင်ဖြစ်သည်။ ယာဉ်မတော်တဆမှု ဖြစ်ပွားသောနေရာမှာ ဒူဘိုင်းနှင့် မြို့တော်အဘူဒါဘီတို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီးပေါ်တွင်ဖြစ်သည်။

အခင်းဖြစ်ပွားမှုတွင် ပါဝင်သော မော်တော်ယာဉ်စီးရေမှာ ရေတွက်နေဆဲဖြစ်၍ ချက်ချင်းမသိရသေးပေ။ သို့သော် ယာဉ်တိုက်မှုကြောင့် မီးလောင်ပျက်စီးသွားရသော ကားစီးရေမှာ ၂၀ အထိရှိသည်ဟု ဆိုသည်။

ယင်းမတော်တဆမှုကြောင့် ဒဏ်ရာရရှိသူအချို့၏ အခြေအနေမှာ ဆိုးရွားသဖြင့် သေဆုံးသူဦးရေ တိုးလာနိုင်သည်ဟုဆိုသည်။ ရုပ်မြင်သံကြားသတင်းတွင် မီးလောင်နေသောကားများ၊ မှန်ကွဲစများနှင့် မော်တော်ယာဉ်အပျက်အစီးများကို ပြသသွားသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားသော အဝေးပြေးလမ်းမှာ အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီလျှင် ၇၅မိုင်နှုန်း မောင်းနှင်ရန် သတ်မှတ်ထားသော မော်တော်ယာဉ်လမ်းမတစ်ခုဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပျောက်ဆုံးနေသော အင်္ဂလန်ရဲအကြီးအကဲ၏အလောင်း တွေ့ရှိ

လန်ဒန် မတ် ၁၃

အင်္ဂလန်နိုင်ငံ အနောက်ပိုင်း ဝေးလ်(စ်)ပြည်နယ်တွင် အင်္ဂလန်နိုင်ငံ ရဲတပ်ဖွဲ့မှ အကြီးအကဲတစ်ဦး သေဆုံးနေသည်ကို အင်္ဂါနေ့က တွေ့ရကြောင်း ဘီဘီစီက ကြေညာသွားသည်။

မန်ချက်စတာရဲတပ်ဖွဲ့အကြီးအကဲ မိုက်ကယ်လ်တော့သည် တနင်္လာနေ့ညဉ့်ဆီးနှင်းတောထဲတွင် လမ်းလျှောက်ထွက်စဉ် ပျောက်ဆုံးသွားခဲ့သည်။

၎င်း၏ ရုပ်အလောင်းကို ဘောလ်ချ်ဂလပ်(စ်) တောင်ပေါ်တွင် ကယ်ဆယ်ရေးအဖွဲ့သားများက အင်္ဂါနေ့ညနေပိုင်းမှာ ပြန်လည်တွေ့ရှိခဲ့သည်။

သေဆုံးရခြင်း၏ အကြောင်းရင်းကို မသိရှိရသေးသော်လည်း ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ခြင်း ဖြစ်ဖွယ်ရှိသည်ဟု ကောက်ချက်ချထားသည်။ ၎င်း၏မိသားစုအား လိပ်စာတပ်ထားသောစာတစ်စောင်ကို တွေ့ရသည်။ ၎င်းတွင် သားသမီးသုံးယောက် ကျန်ရစ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဟိုဒင်ဟာဂင် တိရစ္ဆာန်ဥယျာဉ်မှ ဦးချိုနှစ်ချောင်းပါ ရှားပါး ကြံ့တစ်ကောင်ကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ အချက်အလက်အမှားများအပေါ် အခြေခံထားဟု ဗီယက်နမ်ပြောကြား

ဟန္နိုင်း မတ် ၁၄

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြုစုသော ၂၀၀၇ ခုနှစ် ဗီယက်နမ်နိုင်ငံ ဆိုင်ရာ လူ့အခွင့်အရေးအစီရင်ခံစာသည် ဆန္ဒစွဲပါသော အချက်အလက်မှားများပေါ်တွင် အခြေခံထားသည့် တင်ပြချက်သာဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံဗီယက်နမ်နယူးစ်သတင်းစာက ဖော်ပြသည်။

ဖော်ပြပါ လူ့အခွင့်အရေး အစီရင်ခံစာတွင် ပကတိဖြစ် အရှိတရားများနှင့် ဆန့်ကျင်၍ အမှားမှားအယွင်းယွင်း ဖော်ပြခြင်းမှာ စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်ဟု ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လီဒေါင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် ပတ်သက်၍ အကြီးအကျယ် ကြိုးပမ်းမြှင့်တင်ခဲ့သည်။ ထိုကြိုးစားလုပ်ဆောင်ချက်ကိုလည်း နိုင်ငံတကာ အသိုင်းအဝိုင်းက မြင့်မားစွာ အသိအမှတ်ပြုထားပြီးဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဗီယက်နမ်သည် နိုင်ငံသားများ၏ အခွင့်အရေးကို အလေးထားသည်။ သို့ရာတွင် အခြားသောနိုင်ငံသားများနည်းတူပင် အခွင့်အရေးအား အလွဲသုံး၍ ဥပဒေကိုချိုးဖောက်ခြင်းကိုမူ လက်ခံနိုင်မည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာအစိုးရတပ်ဖွဲ့များက ပြည်သူ့စစ်အဖွဲ့ဝင် ၆၉ ဦးကို ဖမ်းဆီး

အယ်လ်ဒိုရက်(ကင်ညာ) မတ် ၁၄

ကင်ညာနိုင်ငံ မောင့်အယ်လ်ဂွန်ဒေသတွင် လူသေဆုံးမှုမျိုးပေါ်ပေါက်စေခဲ့သည့် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ကင်ညာလုံခြုံရေးတပ်ဖွဲ့ဝင်များက လျှို့ဝှက်ပြည်သူ့စစ်အဖွဲ့ဝင်များအား ပြစ်တင်ဝေဖန်လိုက်ပြီး ယင်းအဖွဲ့ဝင် ၆၉ ဦးအား ဖမ်းဆီးခဲ့ကြောင်း ဒေသခံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

သေဆုံးခဲ့

လက်နက်အများအပြား ကိုင်ဆောင်ထားသည့် ရာချီရှိသော တပ်ဖွဲ့ဝင်များသည် ယူဂန္ဒာနှင့်ထိစပ်နေသည့် ဝေးလံခေါင်သီပြီး မြေသြဇာကောင်းမွန်သော နေရာများသို့ တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။ (အက်စ်အယ်လ်ဒီအက်ဖ်) ပြည်သူ့စစ်များအား သုတ်သင်ရှင်းလင်းရန်အတွက် လုံခြုံရေးထိုးစစ်ဆင်ရာတွင် အများအပြား သေဆုံးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မိမိတို့က အက်စ်အယ်လ်ဒီအက်ဖ်အဖွဲ့ဝင် ၆၉ ဦးကို ဖမ်းဆီးခဲ့ပြီး အဆိုပါ ပြည်သူ့စစ်တပ်ဖွဲ့ဝင် များရှင်းလင်းသွားသည်အထိ မိမိတို့ ဆက်လက် တိုက်ခိုက်မည်ဟု ပြည်နယ်ကော်မရှင်မှ အဗ္ဗဒူဝါဆာရက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လူ၃၀၀ခန့် သည်အိုးအိမ်များစွန့်ခွာထွက်ပြေးကြပြီး ချိတိုင်စ်မြို့ရှိ ဈေးအနီးတွင် ခိုလှုံနေကြသည်။ ကျန်လူများသည် ယူဂန္ဒာနယ်စပ်မှ ဖြတ်သန်းသွားလာနေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုကင်း ကီလို ၄၀၀ ကော့စတာရီကာတွင် သိမ်းဆည်းရမိ

ဆန်ဟိုဆေး မတ် ၁၃

ကော့စတာရီကာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် မတ် ၁၂ ရက်က ကိုကင်း ကီလို ၄၀၀ ကို သိမ်းဆည်းရမိ၍ နိုင်ငံတကာ မူးယစ်မှောင်ခိုလုပ်ငန်းကို အထိနာစေခဲ့ကြောင်း ဥပဒေထိပ်တန်း အရာရှိက ပြောကြားသည်။

မြို့တော်ဆန်ဟိုဆေးအရှေ့မြောက်ပိုင်း ကီလိုမီတာ ၂၀ ရှိ အဇာဂျူလာဒေသ အလယ်ပိုင်းတွင် ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးရှာဖွေရေး ဆောင်ရွက်ခဲ့ပြီးနောက် ပနားမား၊ မက္ကဆီကိုနှင့် ကော့စတာရီကာ နိုင်ငံသားများကို ထိန်းသိမ်းခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဌာန ဒုတိယဝန်ကြီး ဂျီရာဒိုလာဇာရက်စ်က သတင်းထောက်များကို ပြောကြားသည်။

အဆိုပါ မူးယစ်မှောင်ခိုမှုသည် နိုင်ငံတကာ မူးယစ်မှောင်ခိုလုပ်ငန်းအတွက် အရေးပါသည့် အမှုဖြစ်ကြောင်း၊ နောက်ထပ်စုံစမ်း စစ်ဆေးမှုများပြုလုပ်ပြီး မူးယစ်မှောင်ခိုမှုကို ထပ်မံ ဖြိုခွင်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ မူးယစ်မှောင်ခိုမှုကို ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ကော့စတာရီကာ၊ ပနားမားနှင့် မက္ကဆီကိုနိုင်ငံတို့ ပူးပေါင်း၍ ဖြိုခွင်းဖော်ထုတ်ခြင်းဖြစ်ကြောင်း လာဇာရက်စ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်တပ်မှူးတစ်ဦး အီရန်ကိစ္စသတင်းပေါ်ထွက်ပြီးနောက် ရာထူးမှထွက်မည်ဟုပြောကြား

ဝါရှင်တန် မတ် ၁၃

အီရတ်နှင့် အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်တပ်မှူးတစ်ဦးက အီရန်နှင့် စစ်မက်ဖြစ်ပွားမှု ရှောင်ရှားရန်ကိစ္စကို အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်အား တွန်းအားပေးနေသည်ဟု မဂ္ဂဇင်းတစ်စောင်က ရေးသားဖော်ပြပြီးနောက် ရာထူးမှထွက်မည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားလိုက်သည်။

အီရန်ကိစ္စနှင့်ပတ်သက်၍ အမေရိကန် ဘုရှ်အစိုးရတို့ သဘောတူညီမှုမရှိဟု အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ရေတပ်ဗိုလ်ချုပ် ဝီလျံဖောက်စ်ဖောလွန်က အခိုင်အမာ ပြောကြားသည်။ သို့ရာတွင် ယင်းသို့ သဘောထားကွဲလွဲမှုကြောင့် အလုပ်မှထွက်ရန်ကိစ္စသည် ခက်ခဲမှုရှိသည်ဟု ပြောကြားသည်။

ဘုရှ်အစိုးရ၏ မူဝါဒက အီရန်နှင့် သဘောထားကွဲလွဲမှုအပေါ် သံခင်းတမန်ခင်းနည်းဖြင့် ဖြေရှင်းလိုသည့် မူဝါဒဖြစ်ကြောင်း၊ အထူးသဖြင့် အီရန်၏ နျူကလီယားပြဿနာဖြစ်ကြောင်း ဘုရှ်အစိုးရက ပြောကြားသည်။ သို့ရာတွင် ၎င်းက စစ်ရေးအရ အရေးယူဆောင်ရွက်မှုကို ပယ်ချခြင်းမပြုဟု ပြောကြားသည်။

ဖလော်ရီဒါဒေသရှိ ဖောလွန်၏ စစ်ဌာနချုပ်က အီရတ်၊ အာဖဂန်အပါအဝင် ၂၇ နိုင်ငံတွင် အမေရိကန်၏ တိုက်ခိုက်မှုများကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဘတ်အယ်လ်ရာဂျီအရပ်တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာ သတင်းများ

အမေရိကန်နိုင်ငံမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်နေသူ ဂျွန်မက်ကိန်းနှင့် ဘာရက်အိုဘားမား။

(ဓာတ်ပုံ-အင်တာနက်)

မက်ကိန်းသည် အကျိုးစီးပွားကိုကြည့်၍ ဘက်ပြောင်းရပ်တည်ဟု အိုဘားမားပြောကြား အိုဘားမားနှင့် အချေအတင်စကားစစ်ထိုးလိုကြောင်း မက်ကိန်းက စိန်ခေါ်

ဝါရှင်တန် မတ် ၁၄

အမေရိကန်အိမ်ဖြူတော်သို့ သမ္မတအဖြစ် လျှောက်လှမ်းရေးခရီးတွင် ဖြောင့်ဖြူးနိုင်ရေးအတွက် အရီဇိုးနားပြည်နယ် ဆီနိတ်တာဂျွန်မက်ကိန်းသည် ယခင်ကအခွန်ကောက်ခံမှုတိုးမြှင့်ရေးကို ထောက်ခံနေရာမှ ယခုအခါ အခွန်ကောက်ခံမှု လျှော့ချရေးသို့ ပြောင်းလဲထောက်ခံလာခြင်းဖြစ်သည်ဟု ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ ဘာရက်အိုဘားမားက ဝေဖန်ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီတွင်း သမ္မတလောင်းရွေးပွဲတွင် အိုဘားမား အနိုင်ရခဲ့လျှင် နိုဝင်ဘာလ၌ ကျင်းပမည့် အမေရိကန်နိုင်ငံ သမ္မတရွေးပွဲတွင် ၎င်းသည် ရီပတ်ဘလီကန်ပါတီမှ ဆီနိတ်တာမက်ကိန်းနှင့် ယှဉ်ပြိုင်အရွေးခံရမည်ဖြစ်သည်။

ရပ်တည်ခဲ့

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်က အခွန်လျှော့ပေါ့ရေးကို စီစဉ်ခဲ့သည်။ ထိုစဉ်က မက်ကိန်းသည် အခွန်မလျှော့ရေးဘက်မှ ရပ်တည်ခဲ့သည်။

ယင်းကိစ္စကိုကြည့်လျှင် ရီပတ်ဘလီကန် သမ္မတလောင်းအမည်တင်သွင်းခံရသူသည် အကျိုးစီးပွားကိုကြည့်၍ ဘက်ပြောင်း ရပ်တည်သည်ကို တွေ့ရမည်ဖြစ်သည်ဟု မက်ကိန်း၏ ရပ်တည်ချက်နှင့် ပတ်သက်၍ အိုဘားမားက ဝေဖန်ထောက်ပြခဲ့သည်။ မက်ကိန်းကလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ အချေအတင်စကားစစ်ထိုး ပြောကြားလိုပါသည်ဟု ပြန်လည်စိန်ခေါ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိသျှခရီးသည် အမျိုးသမီးတစ်ဦးအားသတ်ဖြတ်သူ အိန္ဒိယရဲတပ်ဖွဲ့ ဖမ်းဆီး

နယူးဒေလီ မတ် ၁၄

အိန္ဒိယနိုင်ငံ ဂိုအာမြို့ကမ်းခြေတွင် လွန်ခဲ့သည့်လက အသက် (၁၅)နှစ်အရွယ် ဗြိတိသျှအမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့မှုဖြင့် ဒုတိယမြောက် မသင်္ကာသူတစ်ဦးကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

သေဆုံးသူ အမျိုးသမီးမှာ စကာလက်ကယ်လင်ဖြစ်ပြီး မူးယစ်ဆေးဝါး အသုံးပြုကာ ရေနစ်သေဆုံးခဲ့သည်ဟု အိန္ဒိယအာဏာပိုင်များက ကနဦးက ပြောကြားခဲ့သည်။

သို့ရာတွင် နောက်ပိုင်း၌ သေဆုံးသူ၏ရုပ်အလောင်းကို ခွဲစိတ်ကြည့်ရှုရာ ဒဏ်ရာများရှိနေသည်ကို တွေ့ရသဖြင့် သတ်ဖြတ်မှုခံခဲ့ရသည်ဟု ၎င်းအာဏာပိုင်များက ပြောကြားခဲ့သည်။ ယင်းအမှုနှင့်ပတ်သက်၍ ပလာစီဒိုကာဗယ်ဟို ဆိုသူကို ဗုဒ္ဓဟူးနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မိမိတို့ စစ်ဆေးကြည့်ရာ၌ ကာဗယ်ဟိုသည် အဓမ္မပြုကျင့်မှုနှင့် သတ်ဖြတ်မှုတွင် ဒုတိယမြောက် ကြံရာပါဖြစ်နေသည်ဟု ရဲအရာရှိ ဘော့စကိုဂျေးဂျ်က ရိုက်တာသတင်းဌာနကို ပြောကြားသည်။

ဂိုအာကမ်းခြေ လူသတ်မှုတွင် ပါဝင်သည့် အခြားမသင်္ကာသူတစ်ဦးမှာ ဆမ်ဆွန်ဒီဆူဇာဖြစ်ပြီး စားပွဲထိုးတစ်ဦးဖြစ်သည်။ ၎င်းကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးက အိမ်ရာတည်ဆောက်မှုဆုံးဖြတ်ချက် မပြင်ဆင်ပါက ညှိနှိုင်းမည်မဟုတ်ဟု ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ပြောကြား

ရာမာလာ မတ် ၁၃

အစ္စရေးက လူနေအခြေစိုက်နေရာသစ် တည်ဆောက်မည့်ဆုံးဖြတ်ချက် မပြင်ဆင်ပါက၊ ပါလက်စတိုင်းတို့နှင့် အပစ်အခတ်ရပ်စဲရေးအပေါ် သဘောတူလက်ခံခြင်းမရှိပါက အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဆက်လက်ရပ်ဆိုင်းထားရဦးမည်ဖြစ်ကြောင်း ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်အေ)က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ပြောကြား

ပါလက်စတိုင်းနှင့် အစ္စရေးညှိနှိုင်းရေးမှူးများက အမေရိကန်သံတမန်နှင့် ဆွေးနွေးမည့်ကိစ္စကြောင့် ညှိနှိုင်းရေးလုပ်ငန်းများစတင်ပြီဟု အဓိပ္ပာယ်မသက်ရောက်ကြောင်း ပီအင်အေ ညှိနှိုင်းရေးမှူး ဆေအီရီကက်က ပါလက်စတိုင်းရေဒီယိုသို့ ပြောကြားသည်။

အမေရိကန်ဗိုလ်ချုပ်ကြီး ဝီလျံဖရေဆာနှင့် ကြာသပတေးနေ့တွင် ပြုလုပ်မည့် အစည်းအဝေးသည် အမေရိကန်က မကြာမီ ထပြုလုပ်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လမ်းပြမြေပုံ၏ ပထမအဆင့် ဖော်ဆောင်ခြင်းသာ ဖြစ်ကြောင်း အီရီကက်က ပြောကြားသည်။

ရပ်ဆိုင်းခဲ့

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းခြေသို့ ယခုလတွင် ထိုးစစ်ဆင်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘာ့စ်က ပီအင်အေ ညှိနှိုင်းဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗိုလ်ချုပ်၏ မျိုးချစ်စိတ်ဓာတ်နှင့် မျိုးစောင့်တရားအခြေခံသော ရွေးကောက်ပွဲမှူ ဘယ်သူက ဘာကြောင့် မကြိုက်တာလဲ

မောင်ပွင့်လင်း

၁၉၄၇ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လွတ်လပ်ရေးမတိုင်မီ အဆောတလျင် ရေးဆွဲခဲ့ကြရခြင်းဖြစ်သည်။ ထို ၁၉၄၇ ခုနှစ်သည် ဗြိတိသျှတို့က မြန်မာနိုင်ငံကို သူတို့လက်အောက်ခံ(ကျွန်)နိုင်ငံအဖြစ် အုပ်စိုးဆဲကာလဖြစ်သည်။ မြန်မာနိုင်ငံကို မလွှဲမရှောင်သာ လွတ်လပ်ရေးပေးရလျှင်သော်မှ မြေပြန့်(ပြည်မ)ဒေသ ဗမာများကိုသာ ကွက်ပြီးလွတ်လပ်ရေးပေးဖို့၊ တောင်တန်းဒေသမှ တိုင်းရင်းသားများကိုဗြိတိသျှကျေးကျွန်အဖြစ် ဆက်လက်ထားရှိဖို့ ကြံစည်လျက် တောင်တန်းဒေသကို ခြွင်းချန်ဧရိယာ(Schedule Area) အဖြစ် ချန်လှပ်ထားရှိရန် ဆုံးဖြတ်ထားခဲ့သည်။ **မြန်မာမျိုးချစ်ခေါင်းဆောင်များ၏ ဉာဏ်အမြော်အမြင်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ ပင်လုံစာချုပ်ကြီးဖြင့် ခိုင်မာစွာဖော်ပြပြီး ပြန်လည်ထိုးစစ်ဆင်နိုင်ခဲ့သောကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေး ရလာခဲ့ခြင်းဖြစ်သည်။**

ထိုအချိန်က နယ်ချဲ့သမား သွေးထိုးပေးမှု ခံနေရသည့် ပဒေသရာဇ်စော်ဘွားအချို့က နယ်ချဲ့အလိုကျ ပင်လုံညီလာခံ မအောင်မြင်စေရန် နှောင့်ယှက်ခဲ့ကြသေးသည်။ လွတ်လပ်ရေး ရပြီးနောက် ပြည်ပမှ ပယောဂ ပူးကပ်ခံရသည့် တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းမှုကို နယ်ချဲ့တို့ ဖန်တီးခဲ့သည်။ ယခုအခါ နယ်ချဲ့သွေးခွဲမှုကို ပြည်သူတစ်ရပ်လုံး အတွင်းသိ အဆင်းသိ သိကုန်ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲရာ၌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် စတုတ္ထမြောက်ဇနီး မဟာဒေဝီ စဝ်ဟိန်းခမ်းတို့က ပြည်ထောင်စုမှ ခွဲထွက်ခွင့်မပါလျှင် အခြေခံဥပဒေရေးဆွဲရေးတွင် မပါဝင်နိုင်ဟု အကျပ်ကိုင်ခဲ့သည်။ တစ်ဖက်တွင် လွတ်လပ်ရေး အရယူဖို့ တာဝန်ကြီး ရှိနေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ခွင့်ပြုခဲ့သော်လည်း ယင်းသို့ ခွဲထွက်ခွင့်ပြုထားသောပုဒ်မများ၏ အန္တရာယ်ကို စဉ်းစားမိပြီး ဗိုလ်ချုပ်က ၁၇-၇-၄၇ ရက်နေ့တွင် အခြေခံဥပဒေရေးဆွဲရေး ပြည်နယ်ရေးရာ ဆပ်ကော်မတီမှ ဦးမြင့်သိန်းအား ၂၀-၇-၄၇ ရက်နေ့ အစည်းအဝေးကျင်းပချိန်တွင် ခွဲထွက်ခွင့်ပုဒ်မ ဖြုတ်လိုက်ပါဟုမှာသည်။ ၁၉-၇-၄၇ရက်နေ့တွင် ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည်။ ၂၀-၇-၄၇ ရက်နေ့ အစည်းအဝေး၌ ဦးမြင့်သိန်းက ဗိုလ်ချုပ်မှာသည့်အတိုင်း ခွဲထွက်ခွင့်စာပိုဒ်များ ဖြုတ်ရန်တင်ပြသည်။ စဝ်ရွှေသိုက်နှင့် စဝ်ဟိန်းခမ်းတို့က ထိုစာပိုဒ်များ အဖြုတ်မခံဘဲ အတည်ပြု လိုက်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိလာရသည်။ ယင်းပုဒ်မများကို အကြောင်းပြုပြီး ၁၉၅၀ ပြည့်လွန်နှစ်များ၌ စော်ဘွားအချို့က ခွဲထွက်ရေးလှုပ်ရှားခဲ့ရာ ၁၉၆၂ ခုနှစ် မတ်လတွင် ထိန်းသိမ်းမရနိုင်လောက်အောင် အရှိန်ပြင်းလာခဲ့သည်။ ဖဆပလ၊ ပထစ၊ ပမညတ၊ ရတည စသည့် ပါတီအဖွဲ့အစည်းများက ကန့်ကွက်ကြသည်။ အစိုးရအနေဖြင့် မည်သို့မျှ မထိန်းသိမ်းနိုင်တော့သဖြင့် ၂-၃-၆၂ရက်နေ့တွင် တော်လှန်ရေး ကောင်စီက ဖက်ဒရယ်မူခေါ် ပြည်ထောင်စု ရှစ်စိတ်ကွဲစေပြီး ဆီးတိုးခေါ် အမေရိကန်၏ စစ်အင်ပါယာထူထောင်ရေးအုပ်စုထဲ ဝင်ကြမည့်လုပ်ရပ်ကို ဟန့်တားခဲ့ရသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးကို ကာကွယ် စောင့်ရှောက်ကာ မြန်မာ့အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို ထိန်းသိမ်းခဲ့ရသည်။

ထိုမှနောက်ပိုင်း ကျဉ်းမြောင်းသော လူမျိုးရေးအစွဲ၊ ပြည်ပသွေးခွဲမှု ပယောဂအစွဲ၊ သံသယအစွဲများကြောင့် တိုင်းရင်းသား လက်နက်ကိုင်ပုန်ကန်မှုများ ပေါ်လာသဖြင့် မနည်းဖြေရှင်းယူခဲ့ရသည်။ ယခုအခါ နယ်ချဲ့သမားက ဥပဒေဘောင်အတွင်း ပြန်မဝင်ရန် ခါးဆွဲထားခံရသော သောင်းကျန်းသူ လက်တစ်ဆုပ်စာမှအပ ကျန်အဖွဲ့များ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ကြရန် ငြိမ်းချမ်းရေးယူခဲ့ကြပြီးဖြစ်သည်။ သို့တိုင်အောင် တစ်လောက ပြည်ပ(အမေရိကန်နှင့် ဥရောပ)တွင် တွယ်ကပ်ခိုလှုံနေသော စဝ်ကမ်ဖ ဦးဆောင်သည့် စော်ဘွားဟောင်းအနွယ်တစ်စုက ရှမ်းပြည်နယ်ကို ခွဲထွက်ကာ ရှမ်းသမ္မတနိုင်ငံ ထူထောင်ပြီဟူသော သကြိန်အမြောက်သံတစ်ချက် ကြားလိုက်ရသေးသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ဗိုလ်ချုပ်၏ လွတ်လပ်ရေးလမ်းစဉ်၊ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေး လမ်းစဉ်ကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် ဆက်လက်ခံယူ လျှောက်လှမ်းလျက်ရှိသည်။ **ယနေ့ကာလတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ်ခွန်အားတို့ဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ဆက်လက်ဦးတည် ချီတက်နေကြပြီဖြစ်သည်။ ပြည်ထောင်စုကြီး ခိုင်မြဲအခွန့်ရှည်စေမည့်၊ လွတ်လပ်ရေး ထာဝရတည်တံ့စေမည့် ဤနိုင်ငံမြေ၏ ရေ၊ မြေ၊ သယံဇာတကောင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်စေမည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ် ခိုင်မာရင့်ကျက်စေမည့် အခြေအနေကောင်းများကို အာမခံထားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်နေ့မှ ယနေ့တိုင် အုပ်စုဘက်မလိုက်ဘဲ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့သည်။ ဘာသာသာသနာမတူ၊ နိုင်ငံရေးဝါဒကွဲပြား၊ ယဉ်ကျေးမှုဘာသာစကားချင်းခြားနား၊ စီးပွားရေးပုံစံချင်း ကွဲလွဲသော နိုင်ငံအချင်းချင်း၊ တစ်နိုင်ငံ၏ အချုပ်အခြာကို လေးစား၊ တန်းတူဆက်ဆံ၊ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို ခံယူကျင့်သုံးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ၁၉၄၈ ခုနှစ်မှ စတင်ဝင်ရောက်ကာ ကမ္ဘာ့မိသားစု တာဝန်များကို တက်ကြွစွာဆောင်ရွက်ခဲ့သည်။ အာဆီယံ၊ ဘင်းမ်စတက်စသည့် ဒေသနိုင်ငံများ အစုအဖွဲ့တွင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။

နိုင်ငံခြားဆက်ဆံရေး၌ နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ ပဋိညာဉ်အခြေခံမူများ၊ ဘန်ဒေါင်း (ဘက်မလိုက်)မူများနှင့်အညီ အိမ်နီးချင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံတို့နှင့် မိတ်ဝတ်မပျက် ဆက်ဆံခဲ့သည်။ နိုင်ငံခြားဆက်ဆံရေးမူဝါဒတွင် စံပြုလောက်သည်။ အပြစ်ကင်းသည်။ ဂုဏ်မြောက်သည်။

ယခင်အစိုးရများ အစွမ်းကုန် ကြိုးစားသော်လည်း မရနိုင်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး ယနေ့ ရပြီ။ ဘာလိုသေးလဲ။ အနောက်ကသာ မနှောင့်ယှက်လျှင် ကျန်အဖွဲ့ကွဲ လက်ကျန် သောင်းကျန်းသူအဖွဲ့များပင် ငြိမ်းချမ်းရေးရင်ခွင် ဝင်လာပြီး ဖြစ်ပေမည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ယနေ့အခြေအနေမှာ တစ်ကမ္ဘာလုံးက မုဒိတာပွားရမည့် အခြေအနေကောင်းဖြစ်သည်။

ပြည်တွင်းမှ ပုဆိန်ရိုးများက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ အကူအညီလုံးဝမပေးရန်၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြရန်၊ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားကုမ္ပဏီများ မြန်မာနိုင်ငံမှ ရုပ်သိမ်းထွက်ခွာရန်၊ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ မလာရောက်ရန်၊ မြန်မာနိုင်ငံကို နိုင်ငံတကာက ပိတ်ဆို့ အရေးယူရန် အော်ဟစ်တောင်းဆိုကြသည်။ ကိုလိုနီ(နယ်ချဲ့)နှံ့ တထောင်းထောင်းထနေသော နိုင်ငံအချို့ကလည်း ထိုပုဆိန်ရိုးတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့သည်။ ဤသို့ဖြင့် မြန်မာတွေ ဆင်းရဲကျပ်တည်းမည်။ သို့မှသာ ဆင်းရဲဒဏ်မခံနိုင်သော မြန်မာပြည်သူများ ၎င်းတို့အလိုကျ ဆူပူမည်။ ဤနည်းဖြင့် မိမိတို့ အာဏာရလွယ်မည်ဟုတွက်ကာ ပြည်ပနှင့် လက်ဝါးချင်းရိုက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေကြခြင်းဖြစ်သည်။

အဖျက်ရန်စွယ် အမျိုးမျိုးဖြင့် နှောင့်ယှက်ကြသည့်ကြားမှပင် မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား အပြည့်အဝရှိသော မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့သြရှုမောလောက်အောင် တိုးတက်ပေါ်ထွန်းလာသည်။ ဒီမိုကရေစီခရီးစဉ်ကလည်း ခရီးပေါက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ စေတနာမှန်သော ကံတရားက မြင့်တက်လာသည်။

မြန်မာတို့သည် မျိုးရိုးစောင့်ထိန်းကြသည်။ မြန်မာသား၊ သမီးတို့၏ အစဉ်အလာကျင့်ဝတ်ငါးပါးတွင် "စောင့်လေမျိုးနွယ်"ဟူသော ကျင့်ဝတ်တစ်ပါး ပါဝင်သည်။ အမျိုးအနွယ်ကို စောင့်ထိန်းသော မျိုးစောင့်တရားကို ဗိုလ်ချုပ်အောင်ဆန်းက သူ့မိန့်ခွန်းတွင် ဝံသာနုရက္ခိတတရားဟု သုံးနှုန်းသည်။ မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်တွင် မျိုးစောင့်တရား လက်ကိုင်ထားပြီး မျိုးချစ်စိတ်ဓာတ်ကို နှလုံးသည်းပွတ်၌ စွဲကပ်ထားသည်။ ပြည်ပမှ နိုင်ငံခြားသား နယ်ချဲ့များ၏လက်အောက် ကျွန်ဘဝတွင် အနေကြာခဲ့ရ၍လည်း ကိုယ့်မျိုးရိုးကို ပို၍တွယ်တာ စောင့်ထိန်းခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ကောင်းကျိုးကို မြန်မာတို့သာ ကြိုးပမ်းရယူနိုင်မည်ဖြစ်ကြောင်း မြန်မာတိုင်း သိသည်။ ပြည်ပမှ မိတ်ကောင်းဆွေကောင်းတို့၏ ဖြူစင်စေတနာများ၊ မေတ္တာများကိုလည်း မြန်မာတို့ တန်ဖိုးထားသည်။ သို့သော် မြန်မာ့အဖိုးတန် သယံဇာတ ဓနဥစ္စာများကို မျက်စောင်းထိုးနေသော ကိုလိုနီဝါဒီနိုင်ငံခြားသားများနှင့် သူတို့၏ အဆွယ်အပွားများကို စက်ဆုပ်တတ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် ဤသဘောတရားကို ပို၍ သဘောပေါက်ခဲ့ပေသည်။ ထို့ကြောင့်လည်း လွတ်လပ်သော မြန်မာနိုင်ငံတွင် ပြည်ပကျေးဇူးစား ကျေးဇူးခံများ၊ ပြည်ပ ပဉ္စမံများ၊ နိုင်ငံကို လက်ညှိုးထိုး ရောင်းစားမည့် သွေးမသန့်သူများလက်သို့ မြန်မာပြည်သူတစ်ရပ်လုံး စိုးပိုင်သည့် အချုပ်အခြာအာဏာ ရောက်ရှိမသွားစေရန် အမြော်အမြင်ကြီးမားစွာ မူချပေးခဲ့သည်။

ဤနေရာတွင် ကိုယ့်လူမျိုး ကိုယ်ချစ်ခြင်း၊ မျိုးရိုးစောင့်ထိန်းခြင်းကို မလိုလားသူများ ဤကမ္ဘာတွင် ရှိနေသည်ကို သတိပြုမိရန် လိုကြောင်း တင်ပြလိုပါသည်။ တစ်ခါက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာဟင်နရီကစ်ဆင်ဂျာက ပြောဖူးသည်။ ကျွန်တော်တို့ အမေရိကန်တွေမှာ နိုင်ငံချစ်စိတ်ကတော့ ရှိကြရမှာပဲ၊ ကိုယ် နေထိုင်ပေါက်ဖွားရာ အမေရိကန်နိုင်ငံကို ကျွန်တော်တို့ချစ်ကြရမှာပေါ့။ ချစ်လည်း ချစ်တတ်ကြပါတယ်။ ဒါပေမယ့် မျိုးချစ်စိတ်ဓာတ်ဆိုတာ ကတော့ တော်တော်ခက်တဲ့ ပြဿနာပဲ။ ကျွန်တော်တို့ ဘယ်အမျိုးအနွယ်ကို ချစ်ရမှာလဲဟု ပြောခဲ့သည်။ နီဂရိုးအနွယ်၊ ဟစ္စပင်းနစ်ခေါ် စပိန်မျိုးနွယ် ခွဲများ၊ ကျူးဘား (ပြည်ပြေးများ)၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ အာရပ်မျိုးနွယ်စုံ အမေရိကန်တွင် ထုနှင့်ထည်နှင့်ရှိနေသည်။ ယင်းကဲ့သို့သော နိုင်ငံများတွင် လူမျိုးရော၊ သွေးနှောသည်မှာ အစဉ်အလာယဉ်ကျေးမှုဖြစ်နေပြီ။ သို့သော် အမျိုးသန့်သော၊ အမျိုးစောင့် တတ်သော မြန်မာအပါအဝင် အာရှသားတို့ကမူ မျိုးရိုးမျိုးနွယ်ကို မြတ်နိုးတတ်ကြသည်။ စောင့်ထိန်းတတ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတွင် ဤမျိုးစောင့်ဒဿနက အခိုင်အမာရှိသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်ချမှတ်ပေးခဲ့သည့် ရွေးကောက်ပွဲဥပဒေ၌ နိုင်ငံခြားသွေးနွယ်သူများ၊ ပြည်ပသြဇာခံများ၊ ကျေးဇူးစားကျေးဇူးခံများ ပါဝင်ယှဉ်ပြိုင်အရွေးခံခွင့်၊ မဲပေးခွင့်မရှိစေရဟု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ မြန်မာတို့သည် မြန်မာ့အချုပ်အခြာအာဏာကို မြန်မာတို့သာ ကိုင်တွယ်ကျင့်သုံးနိုင်စေရန်၊ နိုင်ငံတော်ကို မြန်မာမစစ်သူများလက် မကျရောက်စေရန် ဗိုလ်ချုပ်၏မူကို အစဉ်တစိုက် ခံယူခဲ့သည်။ ဖဆပလခေတ်၊ လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲဥပဒေများမှာကဲ့သို့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဥပဒေတွင်လည်း ဗိုလ်ချုပ်ချမှတ်ပေးခဲ့သောမူကိုပင် ဆက်လက်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ အမျိုးသားညီလာခံမှ ချမှတ်ပေးသော အခြေခံမူများ၊ ရေးဆွဲပြီးဖြစ်သော အခြေခံဥပဒေ၏ ရွေးကောက်ခံခွင့်မူများတွင်လည်း ဗိုလ်ချုပ်၏မူကိုပင် ဆက်ခံချမှတ်ထားသည်။

မြန်မာတို့တွင် မျိုးချစ်စိတ်ဓာတ် လုံးဝမရှိကြတော့လျှင်၊ မျိုးစောင့်တရားကို ပယ်ကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက် ကျရောက်သည်မှာ ကြာလှပေရော့မည်။ ထိုသို့ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတည်ဆောက်မည် ဖြစ်သော်လည်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်မူ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ ဆက်ဆံမည်၊ နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာကို လေးစားမည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ ကောင်းကျိုးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည်သာ ဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင် တစ်ခါကျူးကျော် ကျွန်ပြုခံရဖူးပြီး ပြည်ပစွက်ဖက်နှောင့်ယှက်မှု ခံနေရသည်ကို သုံးသပ်ဆင်ခြင်လျက် မြန်မာ့အရေးကို ပြည်ပစွက်ဖက်မှု ကင်းစေရန်၊ မြန်မာ့အချုပ်အခြာ အာဏာစစ်စစ်ကို မြန်မာစစ်စစ်တို့သာ ကိုင်တွယ်ကျင့်သုံးဖော်ဆောင်ရန် ဗိုလ်ချုပ်က ထိုသို့ မူချပေးခဲ့ခြင်း ဖြစ်ပေသည်။

ယခု ရေးဆွဲပြီးစီးပြီဖြစ်၍ လာမည့်မေလ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အရွေးမခံနိုင်အောင် ပိတ်ပင်ထားသည်ဟု အနောက်ပါးစပ်များက ပြောလာကြသည်။ ရိုးရိုးလေးပဲ ယင်းကိစ္စကို ဖြေကြားလိုက်ပါမည်။ "ဗိုလ်ချုပ်၏ အမျိုးစောင့်မှု၊ မျိုးချစ်မှု အခြေခံသောမူတွေကို ဘယ်သူ့အတွက်မျှ ခြွင်းချက်ပြု ပယ်ဖျက်ပေးနိုင်မည် မဟုတ်ကြောင်းပါခင်ဗျား"

၁၉၈၈ခုနှစ်က မင်းမဲ့စရိုက်ဖြင့် တိုင်းဆူပြည်ဖျက်လုပ်ခဲ့ကြသည်များကိုလည်းကောင်း၊ နောက်ပိုင်း ဆက်လက်၍ ဆူပူမှုဖန်တီး၊ ပြည်ပနှင့် လက်ဝါးရိုက်ကာ မြန်မာ့တိုးတက်မှုများကို နှောင့်ယှက်ကြသမျှကိုလည်းကောင်း နိုင်ငံတော်က အတိတ်မှာ ထားပေးခဲ့ပါသည်။ NLD အနေနဲ့လည်း ၁၉၈၈ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ် အကြောင်းတွေပြောပြီး အတိတ်ကို လှန်မနေပါနှင့်တော့။ ပြည်ပက ဘာလုပ်ပေးမည်၊ ညာလုပ်ပေးမည်ဟုလည်း ထင်တစ်လုံးနှင့် မျှော်မနေနှင့်။ ပြည်သူ မပါလျှင် ဘာမှဖြစ်မလာနိုင်။ ပါတီခေါင်းဆောင် အမျိုးသမီးကိုယ်တိုင် ပြောခဲ့၊ လုပ်ခဲ့သည့်ပိတ်ဆို့မှု၊ အလုံးစုံ ပျက်သုဉ်းစေမည်ဟု ကြုံးဝါးခြိမ်းခြောက်မှုများကို ရိုးသားစွာ ပြန်လည်ရုပ်သိမ်းပါ။ အခြေခံဥပဒေကြီး ပေါ်ထွန်းလာပြီး လာမည့်နှစ်နှစ်တာကာလ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ (ပြည်သူကိုတကယ်ယုံလျှင်) ဝင်ပြီးယှဉ်ပြိုင်ဖို့သာ NLD အားထုတ်သင့်သည်။ VOA, BBC, RFA တို့၏ အပင့်အမြှောက်ဖြင့် ချောက်တွန်းနေမှုကို ဘိန်းစွဲသလိုသာဆက်စွဲနေဦးမည်ဆိုလျှင် နိုင်ငံရေးဘိန်းစားဘဝရောက်သွားရုံသာရှိတော့မည်ဟု စိတ်ရင်းစေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ စတုတ္ထအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလက တင်သွင်းလျှောက်ထားပြီး အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကာ နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပရိယတ္တိပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အလှူရှင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ်(၉၈)နေ ဦးရှိန်မြင့်၊ သီရိသုမေ္မာဒီ ဒေါ်ခင်သန်းမြင့်မိသားစု(ဂုဏ်ရှိန်မြင့်မိသားစု)က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတို့တွင် ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် အလှူရှင်များ၏ အလှူငွေ ပေးအပ်ပွဲကို ယနေ့ နံနက်၉နာရီတွင် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာနာယကကျောင်းတော်၌ ကျင်းပရာ အလှူရှင်များက အလှူငွေ စုစုပေါင်း ကျပ် ၁၆၃ သိန်း ငါးသောင်း တစ်ထောင်တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

တောင်ပုလုတရားရိပ်သာ ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

ပဲခူးမြို့ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တောင်ပုလုတရားရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဣန္ဒစက္က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မထေရ်မြတ်သည် တောင်ပုလုဆရာတော်ကြီး၏ ဥပနိဿယ ကျင့်စဉ်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတရားတော်များကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ပဲခူးမြို့ ဥဿာမြို့သစ် ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တရားရိပ်သာ အကျိုးဆောင်အဖွဲ့၊ တောင်ပုလုတရားရိပ်သာ ဖုန်း-၀၅၂-၃၀၁၀၀ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ကံပေါ်မှာဉာဏ်ဆင့်မှနိဗ္ဗာန်ရ"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၁)
၈း၄၀-၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅-၃း၀၅	မျှော်စင်ကျွန်းမှကျောက်ကျောလေးများ
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	မိဘမဲ့ကလေးများအတွက်ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ
၉း၅၀-၃း၅၀	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၂)(နေပြည်တော် တပ်ကုန်း)
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	လန်းဆန်းတက်ကြွ လူငယ်ဘဝ (ကောင်းခန့်နှင့်တွေ့ဆုံခြင်း)
၁၀း၄၀-၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	Summer Time
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသလို
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၂း၁၀-၆း၁၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၇)
၁၂း၄၀-၆း၄၀	စားချင်စဖွယ် နည်းအသွယ်သွယ်(နို့ပေါင်မုန့်)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Derby-Man Utd	ESPN(Live)
၉း၂၅	Liverpool-Reading	Star Sports(Live)
၁၁း၄၀	Arsenal-Middlesbrough	Star Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Roma-AC Milan	5-Cartoon(Live)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မဟာပဋ္ဌာန်းဝိပဿနာသကြၤန်ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၃)လမ်းရှိ သုဓမ္မာတိုက်ကျောင်းတွင် မဟာပဋ္ဌာန်းဝိပဿနာသကြၤန် ခုနစ်ရက်တရားစခန်းကို နှောင်းတန်ခူးလဆန်း ၆ရက်(၁၁-၄-၂၀၀၈)မှ နှောင်းတန်ခူးလဆန်း ၁၂ရက်(၁၇-၄-၂၀၀၈)အထိ သဒ္ဓမ္မ ဇောတိကဓဇ မဟာပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တဝါယမက ပြသတော်မူမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် နှောင်းတန်ခူးလဆန်း ၁ ရက် (၆-၄-၂၀၀၈) နောက်ဆုံးထား၍ အထက်ပါ ကျောင်းတိုက်သို့ စာရင်းပေးကြပါရန်နှင့် တရားစခန်းဝင်မည့် ယောဂီများသည် နှောင်းတန်ခူးလဆန်း ၅ ရက် (၁၀-၄-၂၀၀၈)နေ့ ညနေ၅နာရီ နောက်ဆုံးထားလာရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရှင်အပါး ၁၀၀နှင့် သီလရှင်အပါး ၃၀ ပြုပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလဓမ္မကထိက ဗဟုဇနဟိတရေနှင့် ခမည်းတော် ဦးစံဝင့်၊ မယ်တော် (ဒေါ်ရွှေ)၊ မိသားစုတို့က ဦးဆောင်ကျင်းပမည်ဖြစ်သော စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်နှင့် ရှစ်မိုင်အကွာရှိ ဘောင်းကျကျေးရွာတွင် ရှင်အပါး ၁၀၀ ပြုပွဲနှင့် ပင့်သံဃာအပါး ၁၀၀၊ သီလရှင်ဝတ်အပါး၃၀ ပြုပေးပွဲကို အလှူမင်္ဂလာမဏ္ဍပ်၌ တပေါင်းလဆန်း ၉၊၁၀ရက်၊ မတ် ၁၅၊ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မင်္ဂလာ အခမ်းအနားကို ကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ မတည်ပြီး ပထမအကြိမ် အလှူမင်္ဂလာပွဲ ကျင်းပရခြင်းဖြစ်သည်။ (က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၄

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ (၃၃၇/က) ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ် ၂၁ရက်(တပေါင်းလပြည့်နေ့)မှ မတ် ၂၈ရက် (တပေါင်းလပြည့်ကျော် ၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အကြိမ်(၄၀)မြောက် အလောင်းတော်ကဿပ ဖူးမြော်မည်

ရန်ကုန် မတ် ၁၄

အလောင်းတော်ကဿပ အရှင်မြတ်အား အကြိမ် (၄၀)မြောက် ဖူးမြော်မည့် ဒုတိယခရီးစဉ်ကို အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့မှ ကြီးမှူး၍ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်၊ ပုပ္ပားကျောင်းမှ ဧပြီ ၃ ရက်နေ့ ထွက်ခွာမည်ဖြစ်ရာ ဖိုလ်ဝင်တောင်မှ လိုက်ပါလိုသူများ ဧပြီ ၂ ရက်နေ့အရောက် လာကြရမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဧပြီ ၁ ရက် ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်မှ လိုက်ပါလိုသူ ပါရမီရှင်များသည် ဦးမောင် မောင်ဋ္ဌေး အမှတ် (၈၂၁)၊ မဟာဗန္ဓုလလမ်း၊ ၁၀-လမ်း ထိပ်၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉ ၅၀၅၆၈၀၃၊ ၂၂၆၀၂၄သို့ မတ် ၂၅ ရက် နောက်ဆုံးထားစာရင်းပေးသွင်း ဆက်သွယ်နိုင်ပါကြောင်း သိရသည်။ (က-ပ)

မြသိန်းတန် ပရိယတ္တိစာသင်တိုက် စာအောင်သံဃာ ဂုဏ်ပြုမည်

ရန်ကုန် မတ် ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ၁၃၆၈ ခုနှစ် စာအောင်သံဃာဂုဏ်ပြုပွဲကို မတ် ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ စာအောင်သံဃာတော်များအား ပါဝင်လှူဒါန်းလိုပါက ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၂၉၁၇၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့တို့ နေပြည်တော်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်း–ကျောဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့တို့ နေပြည်တော်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်း–ကျောဖုံး) (သတင်းစဉ်)

✻ ကျောဖုံးမှ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးနှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Noppadon Pattama၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ–ထိုင်း နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Noppadon Pattama တို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၃–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်)**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ တေးဂီတအစီအစဉ်
- ၈:၁၀ ၆။ သင်ပုန်းရေလှောင်တမံ
- ၈:၂၀ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂:၀၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၃၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စစ်သူကြီးဆွန်ကြီး” (အပိုင်း–၁၃)**
- ၁:၁၅ ၆။ **“ရှင်သန်ခြင်း” (မင်းဟိဏ်း၊ ဆုပန်ထွာ၊ဖိုးဖြူ၊ ခင်စိုးပိုင်၊ ကြည်စိုး၊ သန်းသန်းစိုး) [ဒါရိုက်တာ–အောင်မိုး–ပဲရစ်)]**
- ၁:၃၅ ၇။ အဆိုပြိုင်ပွဲ
- ၁:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၀၀ ၉။ တေးဂီတအစီအစဉ်
- ၂:၁၅ ၁၀။ အတီးပြိုင်ပွဲ
- ၂:၃၀ ၁၁။ အရာတော်ရေလှောင်တမံ
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၄:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွေ့
- ၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၁၅ ၁၃။ **“တစ်သက်စာ” (ထွန်းထွန်း Examplez၊ သဇင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)**
- ၇:၄၅ ၁၄။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာထောင်ချောက်” (အပိုင်း–၉)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

တက်ရောက် အားပေးချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့တို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီး…
ချစ်ကြည်ရေး…

နေ…

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံ…
အလည်အပတ်ရောက်ရှိနေသည့် ဧည့်သည်…
ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား…
နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသ…

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲ…
ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြ…
ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့…
မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမ…
ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ မစတင်မီ…
မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို…

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နေ့လ…
အနုပညာဦးစီးဌာနမှ အနုပညာရှင်များက…

ယင်းနောက် ဧည့်သည်တော် ထိုင်း…
အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို…

ဧည့်သည်တော် ထိုင်း…
ချစ်ကြည်ရေးအထိမ်းအ…

နေပြည်တော် မ…

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နို…
သိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော…
ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနို…
စွန်ထော်ရဝဲ့သည် ဟိုတယ်နှင့်ခရီးသွားလ…
ဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် နိုင်ငံခြ…
ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကေ…
၁နာရီ ၄၅မိနစ်တွင် ကျန်းမာရေးဝန်ကြီးဌ…
လာကြရာ နေပြည်တော်စည်ပင်သာယာ…
ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ကျန်းမာရေးဝန်ကြ…
ပိုင်စိုးတို့က ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနို…
စွန်ထော်ရဝဲ့သည် ချစ်ကြည်ရေးသစ်ပင်စို…
ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေ…
ရေစင်တို့ကို သွန်းလောင်းပေးသည်။

ယင်းနောက်ဧည့်သည်တော်ထိုင်းနိုင်ငံ…
ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စ…
ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချ…
သည် ပရဆေးဥယျာဉ်မှ ပြန်လည်ထွက်ခွ…

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စ…
ဝန်ကြီးဌာန ပရဆေးဥယျာဉ် ချစ်ကြည်…
ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်…

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြု နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ မစတင်မီ နိုင်ငံတော်တီးဝိုင်းက ထိုင်းနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာမှုတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်အား နေပြည်တော်လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာ သွားကြမည့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကိုလက်ဆောင် အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။
(သတင်းစဉ်)

ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးဥယျာဉ်သို့ ရောက်ရှိ လာကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးတို့က ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့သည် ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ–ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကိုစိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်တို့ကို သွန်းလောင်းပေးသည်။

ယင်းနောက်ဧည့်သည်တော်ထိုင်းနိုင်ငံဝန်ကြီးချုပ်၊နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက် ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့ သည် ပရဆေးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ကျန်းမာရေး ဝန်ကြီးဌာန ပရဆေးဥယျာဉ် ချစ်ကြည်ရေး သစ်ပင်စိုက်ကွက်၌ မြန်မာ– ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ ဒုတိယအကြိမ် အာစရိယ ပူဇော်ပွဲကို မတ် ၂၂ ရက် (စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ M-3 Food Centre ၌ ကျင်းပမည် ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ မပျက်မကွက် တက် ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၄

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး သုံးရက်ပေါင်း အကောင်းဆုံးအသင်းအား နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလားနှင့် ရွှေအဆင့် အသင်းလိုက်ဆု၊ ဒုတိယရရှိသည့်အသင်းအား ငွေအဆင့် အသင်းလိုက်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ဂေါက်ကွင်းအလိုက် နေ့စဉ်ပြိုင်ပွဲများတွင်လည်း ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို ကွင်းအလိုက် ထိုက်တန်စွာ သီးသန့်ချီးမြှင့်ပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသား ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် အသင်းလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး နေပြည်တော် မြို့တော်ဝန်ရုံးသို့ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၄၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ချန်ပီယံသရဖူမှန်းလာတဲ့ မန်ယူရဲ့ သေချာပေါက်နိုင်ပွဲ ပထမအကျော့က ရှုံးကြွေးကို ပြန်ဆပ်ရမည့် အာဆင်နယ်

(ပရီမီယာလိဂ် ပွဲစဉ် ၃၀ အကြို)

ဝင်းတင် (ကြေးမုံ)

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ် ပွဲစဉ် ၃၀ ဘောလုံးပွဲစဉ်များကို မတ် ၁၅၊ ၁၆ နဲ့ ၁၈ ရက်တွေမှာ ကျင်းပမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ဖလားလုပွဲဟာ ပြီးဆုံးဖို့ နီးကပ်လာတာကြောင့် ပြိုင်ဆိုင်မှုတွေကလည်း တဖြည်းဖြည်း ပြင်းထန်လာပါပြီ။ ပွဲစဉ်ဇယားထိပ်က အာဆင်နယ်ဟာ ဒုတိယနေရာက မန်ယူကို ပြတ်သားစွာ အမှတ်ဖြတ်ထားနိုင်ခြင်း မရှိဘဲ မန်ယူက တစ်ပွဲလျော့ နှစ်မှတ်ပဲ ကွာပါတော့တယ်။ ဒါကြောင့် ဘော်လ်တန်နဲ့ လက်ကျန်ပွဲကိုသာ မန်ယူအနိုင်ယူနိုင်ခဲ့မယ်ဆိုရင် အမှတ်ပေး ဇယားရဲ့ထိပ်ကို မန်ယူက ဦးဆောင်တော့မှာ ဖြစ်ပါတယ်။

အမှတ်ပေးဇယား ထိပ်ဆုံးက ဦးဆောင်နေတဲ့ အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာ နိုင်ပွဲမရတာ သုံးပွဲဆက်တိုက်ရှိနေပါပြီ။ အာဆင်နယ် အနေနဲ့ ဘာမင်ဂမ်၊ ဗီလာနဲ့ ဝီဂန်တို့ကို ဆက်တိုက် သရေသာကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီနေ့ ယှဉ်ပြိုင်ရမယ့်ပွဲမှာ မန်ယူက ဒါဘီကို အရန်အင်အားသာသုံးပြီး သက်သောင့်သက်သာနဲ့ပဲ သုံးမှတ်အပြည့် ယူသွားမှာ သေချာပါတယ်။ ဒါကြောင့် မန်ယူကို နှစ်မှတ်သာ ဖြတ်ထားနိုင်တဲ့ အာဆင်နယ်ဟာ ဒီနေ့ ဘိုရိုနဲ့ပွဲကို အနိုင်ကစားထားမှသာ ပထမနေရာမှာ ဆက်လက် ရပ်တည်နိုင်မှာပါ။

အာဆင်နယ်က ဒီပွဲပြီးတာနဲ့ ပွဲစဉ် ၃၁ ကို ချယ်လ်ဆီးကွင်းမှာ သွားရောက် ကစားရမှာပါ။ မန်ယူကတော့ ပွဲစဉ် ၃၁ မှာ လီဗာပူးနဲ့ အိမ်ကွင်းမကစားခင်မှာ ဘော်လ်တန်နဲ့ ကစားရမယ့် လက်ကျန်ပွဲကို အနိုင်ယူပြီး အမှတ်ပေးဇယားရဲ့ ထိပ်ကို ရောက်ရှိနေမှာ သေချာပါတယ်။ ဒီနေ့ အာဆင်နယ် ဧည့်ခံကစားရမယ့် ဘိုရိုဟာ ပထမအကျော့က အာဆင်နယ်ကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့် ဒီပွဲမှာ အိမ်ရှင်တို့ ပွတ်ကာသီကာလေး အနိုင်ရအောင်ပင် အတော်ကြိုးစားရမှာပါ။

ဒုတိယနေရာက မန်ယူဟာ တန်းဆင်းဖို့ သေချာသွားပြီဖြစ်တဲ့ ဒါဘီနဲ့ ကစားရမှာကြောင့် အရန်အင်အားတွေကိုသာသုံးပြီး ယှဉ်ပြိုင်မှာပါ။ မန်ယူရဲ့ အရန်အင်အားကလည်း ဒါဘီလိုအသင်း ကို နှစ်ဂိုးပြတ်လောက်နဲ့ ကောင်းကောင်း အနိုင်ယူနိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ပွဲစဉ်ဇယားရဲ့ ပထမနဲ့ ဒုတိယနေရာဟာ အပြောင်းအလဲဖြစ်နိုင်ခြေ ရှိပေမယ့် တတိယနေရာက ချယ်လ်ဆီး၊ စတုတ္ထနေရာက လီဗာပူး၊ ပဥ္စမနေရာက အဲဗာတန်တို့ဟာ နိုင်ပွဲကိုယ်စီ ရနိုင်တာကြောင့် အပြောင်းအလဲ မဖြစ်နိုင်သေးပါဘူး။ လီဗာပူးနဲ့အမှတ်တူပြီး ပဥ္စမနေရာမှာ ရှိနေတဲ့ အဲဗာတန်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် ပြိုင်ဘက်တိုင်းကို အနိုင်ရအောင် ကြိုးစားကစားနေတာ တွေ့ရပါတယ်။ ယခုယှဉ်ပြိုင်ရမယ့် အသင်းကလည်း တန်းဆင်းဇုန်က လွတ်နိုင်ခြေနည်းပါးလွန်းလှတဲ့ ဖူလ်ဟမ်ဖြစ်နေတာကြောင့် အဝေးကွင်း ဖြစ်ပေမယ့် သုံးမှတ် အပြည့်ယူပြီး လီဗာပူးနဲ့ ဆက်လက်အားပြိုင်ဦးမှာပါ။ အဆင့်(၆)က ဗီလာနဲ့ အဆင့်(၇)က ပို့စ်မောက်တို့ရဲ့ ယူအီးအက်ဖ် အဝင်ခွင့်ကလည်း အကြိတ်အနယ် ရှိနေမှာပါ။ အဆင့်(၁၅)မှာရှိနေတဲ့ ကီးဂန်းရဲ့ ငှက်ကျားအိုတွေကတော့ တန်းဆင်းဇုန်ကလွတ်အောင် အားကုန်ကစားနေတဲ့ ဘာမင်ဂမ်ကို အဝေးကွင်း သွားရောက်ကစားရမှာ ဖြစ်တာကြောင့် ငှက်ကျားအိုတွေအတွက် သုံးမှတ် အပြည့်ဆိုတာ တော်တော်လေး ခက်ခဲပြီး ကံကောင်းပါမှ တစ်မှတ်ရမယ့် အနေအထားပါ။ အမှတ်ပေးဇယား အလယ်အလတ်က အဲရစ်ဆင်နဲ့ ရာမို့စ်တို့ရဲ့ အားပြိုင်မှုဟာလည်း ဒီတစ်ပတ်အတွက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာ သေချာပါတယ်။

ပရီမီယာလိဂ် ပွဲစဉ်(၃၀) ကစားမယ့် ပွဲစဉ်များမှာ မတ် ၁၅ (ယနေ့) ဒါဘီနဲ့ မန်ယူ၊ လီဗာပူးနဲ့ ရီးဒင်း၊ ပို့စ်မောက်နဲ့ ဗီလာ၊ ဆန်းဒါးလန်းနဲ့ ချယ်လ်ဆီး၊ ဝက်စ်ဟမ်းနဲ့ ဘလက်ဘန်း၊ အာဆင်နယ်နဲ့ မစ်ဒယ်ဘရော့တို့ကစားကြမှာဖြစ်ပြီး မတ် ၁၆ (တနင်္ဂနွေနေ့)တွင် ဖူလ်ဟမ်နဲ့ အဲဗာတန်၊ ဝီဂန်နဲ့ ဘော်လ်တန်၊ မန်စီးတီးနဲ့ စပါး၊ မတ် ၁၈(အင်္ဂါနေ့)တွင် ဘာမင်ဂမ်နဲ့ နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ် ပွဲစဉ်(၂၉) အပြီး ထိပ်ဆုံး(၁၀)သင်း ရပ်တည်မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်–

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	အာဆင်နယ်	၂၉	၁၉	၉	၁	၆၆
၂။	မန်ယူ	၂၈	၂၀	၄	၄	၆၄
၃။	ချယ်လ်ဆီး	၂၈	၁၈	၇	၃	၆၁
၄။	လီဗာပူး	၂၉	၁၅	၁၁	၃	၅၆
၅။	အဲဗာတန်	၂၉	၁၇	၅	၇	၅၆
၆။	ဗီလာ	၂၉	၁၃	၁၀	၆	၄၉
၇။	ပို့စ်မောက်	၂၉	၁၃	၈	၈	၄၇
၈။	ဘလက်ဘန်း	၂၉	၁၂	၁၀	၇	၄၆
၉။	မန်စီးတီး	၂၉	၁၂	၉	၈	၄၅
၁၀။	ဝက်စ်ဟမ်း	၂၉	၁၁	၇	၁၁	၄၀

ဂုဏ်ပူဇော်အဖြစ် လှူဒါန်းငွေ ကမ္မဋ္ဌာန်းကျောင်း၌ မုခ်ဦးသံပန်း လှူမည်

ရန်ကုန် မတ် ၁၄

တောင်တွင်းကြီးမြို့နယ် သဲဖြူသာသနာပြုဌာနကျောင်းတိုက်မှ သဲဖြူသာသနာပြုခေါင်းဆောင် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒအား နိုင်ငံတော်မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းခြင်းခံရ၍ တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပူဇော်အဖြစ် လှူဒါန်းပူဇော်ကြမည့် အလှူတော်ငွေများကို ဆရာတော်၏ ဩဝါဒမိန့်မှာချက်နှင့်အညီ သံဃာအပါး ၇၀ တို့အား ဆွမ်းဘောဇဉ်နှင့် လက်ဆွဲအိတ်များ ဆက်ကပ်ကာ အထိမ်းအမှတ်ကမ္မဋ္ဌာန်းတိုက်ကျောင်းနှင့် အထိမ်းအမှတ်မုခ်ဦး သံပန်းတံခါးတည်ဆောက်ကြမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဖြူးမဟာစည် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ်(၅)ရပ်ကွက် ကမာရွတ်ဘူတာနောက်ကျောဘက် ဖြူးဆရာတော်ကြီး သီတင်းသုံးတော်မူရာ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာတွင် စတုတ္ထအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၂၀ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁) သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် တတိယအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၄

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂) ရန်ကုန်(ဘောင်ဒရီ)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့)တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အကြံဉာဏ်များနှင့် လုပ်အားဒါနပေးလှူလိုသူများ၊ အလှူငွေများနှင့် လက်ဆောင်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဆရာဦးတင်ဝင်း (ဓာတု–သချာ်) ဖုန်း–၅၀၂၅၇၂၊ မောင်မောင်အေး(74EP) ဖုန်း ၀၉–၅၁၂၆၆၆၅၊ မောင်မောင်မင်း (72EP) ဖုန်း ၀၉–၅၁၅၆၀၇၀၊ ကိုဌေးအောင် (BC 76) ဖုန်း–၀၉–၅၀၂၉၂၆၁၊ ကိုသန်းအောင်မိုး ဖုန်း–၀၉–၉၉၂၅၃၅၃၊ ကိုကျော်မြင့် (ZENITH)(90R) ဖုန်း–၀၉–၅၁၁၅၃၂၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ အသိပညာပေးဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို စနေတစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိရာ မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာမောင်မောင်သိမ်းက စတုတ္ထမျိုးဆက် အချိန် စီမံခန့်ခွဲမှု (4th Generation Time Management) အကြောင်း ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ် ရေးဆွဲ အာဆင်နယ်နှင့် လီဗာပူး၊ ရိုးမားနှင့် မန်ယူတွေ့

နီယွန်(ဆွစ်ဇာလန်) မတ် ၁၄

ယခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့ရှိ ယူအီးအက်ဖ်အေရုံးချုပ်အဆောက်အအုံတွင် မဲခွဲရေးဆွဲသည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်၌ အာဆင်နယ်နှင့် လီဗာပူး၊ ရိုးမားနှင့် မန်ယူ၊ ရှော်ကေးလ်နှင့် ဘာစီလိုနာ၊ ဖီနာဘာချီနှင့် ချယ်လ်ဆီးတို့ တွေ့ဆုံကြမည်ဖြစ်ပြီး ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၁ ရက်နှင့် ၂ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ ပွဲစဉ်များကို ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ***(အင်တာနက်)***

မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများအား မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအေးကျော်၊ ဈေးတာဝန်ခံ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ မတ် ၁၃ ရက်က ဈေးအတွင်း မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် စစ်ဆေးခြင်း၊အကြံပြုဟောပြောခြင်း လုပ်ငန်းများကို ရှင်းလင်းဆောင်ရွက်စဉ်။

(မြို့နယ်ပြန်/ဆက်)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

သတင်းဆောင်းပါး –စိန်လှိုင်ဗိုလ်

ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အာရှတိုက်၌ မြန်မာနိုင်ငံတွင် အထွန်းကားဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံအနှံ့တွင် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ် သာသနိကအဆောက်အအုံများကို ဖူးမြော်မဝ တွေ့ရှိရပါသည်။ ပုဂံ၊ သြောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ ပဲခူး စသည့် မြို့ရွာအသီးသီး၌ ထင်ထင်ရှားရှား ဖူးတွေ့ကြရပါသည်။ ပဲခူးမြို့တွင် ထင်ရှားသော တန်ခိုးကြီးဘုရားများဖြစ်ကြသော စိန်သာလျောင်း၊ ရွှေသာလျောင်း၊ နောင်တော်ကြီး၊ မြသာလျောင်း၊ မဟာစေတီ၊ ရွှေဂူကြီး၊ ရွှေဂူလေး၊ ကျိုက်ပွန်၊ ကျိုက်ပေါ၊ မဟာကြီး၊ ကိုးသိန်းကိုးသန်း၊ အကျွတ်အလွတ်၊ ဟသ်ာကုန်း စသည့် စေတီများရှိသည့်အနက် ထင်ရှားကျော်ကြားဆုံးမှာ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဖြစ်ပါသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဧပြီလ ၁၅ ရက်နေ့မှ ၂၄ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ မတ် ၉ ရက်တွင် ဂေါပကအဖွဲ့က ပျော်ပွဲ၊ ရွှင်ပွဲများအတွက် မြေနေရာများရောင်းချခဲ့ရာ ယခင်နှစ်များထက် ပိုမိုကာ အလှူငွေကျပ် သိန်းတစ်ရာကျော် ရရှိခဲ့သည်။ ယခုနှစ်တွင် မိုးဝင်း၊ မိုးမင်းဇာတ်အဖွဲ့၊ ချမ်းသာဇာတ်အဖွဲ့၊ တင်မောင်ဆန်းမင်းဝင်းဇာတ်အဖွဲ့၊ ဖိုးချစ်တို့က တဲ့ဇာတ်ပွဲ၊ စက္ကောမမျက်လှည့် အပါအဝင် ပျော်ပွဲရွှင်ပွဲများ ပါဝင်ကပြကြမည် ဖြစ်ပါသည်။ ရွှေမော်ဓောဘုရားပွဲတော်သည် အောက်မြန်မာပြည်တွင် မိုးရာသီမရောက်မီ နောက်ဆုံးကျင်းပသော ပွဲတော်လည်းဖြစ်ပေရာ ဇာတ်အဖွဲ့အသီးသီးရှိ ပါဝင်ကပြကြသူများသည် နောင်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုများကို ရွှေမော်ဓောပွဲတော်မှာပင်ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြစမြဲဖြစ်ပါသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားရှင် ဆဋ္ဌမဝါ၌ မကုလတောင်၊ ချယားတော၌ သီတင်းသုံးနေတော်မူစဉ် ဒုံဗိုင်းတူ(ခ)ဇောင်းတူမြို့သား စူဠသာလ၊ မဟာသာလညီနောင်တို့အား အသက်ရှိဆဲ ဇီဝသန္တာန်တော်မှပင် ဆံတော်နှစ်ဆူကို ကိုယ်စားတော်အဖြစ် ကိုးကွယ်ကြရန် ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။

“ နန္ဒဝန်က၊ သက္ကမနှင့်
မျှတနှိုင်းချိန်၊ တာဝတိံမှာ
နန္ဒဝါသို့၊ ကြိုင်စွာပျံ့လှောင်း
နံ့ကောင်းပန်းမန်၊ ကျိုက်ပွန် ကျိုက်ပေါ
မော်ဓောကေသာ၊ မဟာစေတီ
လျှံညီရောင်မောင်း၊ ရွှေကျောင်းဗိမာန်”



မြေခ ငှက်ပျောဖူးတော်ကြီး

ကောဇာသက္ကရာဇ် ၁၂၇၉ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၂ ရက်၊ ၁၉၁၇ ခု ဇူလိုင်လ ၅ ရက် (ကြာသပတေးနေ့) နံနက် ၄နာရီ ၄၅မိနစ် အချိန်တွင် ပဲခူးမြို့၌ (စတုတ္ထအကြိမ်) တုန်လှုပ်ခဲ့သော ပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးခဲ့သည်။

စေတီတော်ကြီး၏ ငှက်ပျောဖူးတော်ကြီးမှာ ရင်ပြင်ပေါ် တနလ်ာထောင့်သို့ မြေခတော်မူခဲ့သော်လည်း အစိတ်စိတ်အမြွာမြွာ ကွဲသွားခြင်းမရှိသဖြင့် စေတီတော်ကြီး၏ အံ့ဖွယ်တစ်ပါးဖြစ်နေသည်။

ဟူ၍ သက္ကရာဇ် ၉၂၈ ခုနှစ်တွင် နဝဒေးကြီး၏ ဟံသာဝတီမြို့ဘွဲ့ရတုတွင် စပ်ဆိုထားပါသည်။ ဆံတော်ဓာတ်အစစ်အမှန်ဟု သိရှိရပါသည်။

ထို့အပြင် ကောဇာသက္ကရာဇ် ၃၄၄ ခုနှစ်တွင် နန်းတက်သော အနုရာမမင်းလက်ထက် ဂဝံပတိထေရ်ကိုမှီ၍ သုဝဏ္ဏဘူမိတိုင်း၊ သထုံဘုရင် သီရိမာသောကရရှိခဲ့သော ဘုရားရှင်၏သွားတော်ဓာတ်တို့အနက်တစ်ဆူကို ဟံသာဝတီဘုရင်ကရခဲ့ရာ မူလဆံတော် ဓာတ်ကိန်းဝပ်ရာ ရွှေမော်ဓောစေတီတော်၌ပင် ဌာပနာ ခဲ့ပါသည်။

သက္ကရာဇ် ၇၄၅ ခုနှစ်တွင် ဗညားနွဲ့ဘွဲ့ခံ ရာဇာဓိရာဇ်မင်းလက်ထက်ရှိ သီဟိုဠ်ကျွန်း မဏ္ဍုရာမမင်းက သုမုတ္တာဒေဝီမည်သော သမီးတော်နှင့် ဗုဒ္ဓ၏ စွယ်တော်၊ ထိုစွယ်တော်ဓာတ်ထည့်ထားသော ရွှေသပိတ် စသည်တို့ကို ဆက်သလာ၍ အဆိုပါ စွယ်တော်သပိတ်ကိုလည်း မူလဆံတော်၊ သွားတော်တို့နှင့်အတူ ရွှေမော်ဓောစေတီ၌ပင် ဌာပနာခဲ့ပါသည်။ သို့ဖြစ်ရာ ဆံတော်ရှင်နှင့်တကွ သွားတော်၊ စွယ်တော် စသော သရီရဓာတ်တော်အမျိုးမျိုးတို့ ကိန်းဝပ်စံပယ်ရာ စေတီတော်ကြီး ဖြစ်ပါသည်။ ထိုဓာတ်တော်မွေတော်တို့၏ တန်ခိုးတေဇော အာနုဘော်တော်ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဆုတောင်းပြည့် စေတီတော်မြတ်ဟု မှတ်သားနာလည်ကြပါသည်။

စေတီတော်မြတ်ကြီးမှာ မူလတည်ဦးစက လုံးရပ်ပမာဏအားဖြင့် မကြီးမားလှသော်လည်း တစ်စတစ်စ နောက်ကာလ၌ သာသနာ့ဒါယကာ ဘုရင်ထီးဆောင်းမင်းပေါင်း သုံးကျိပ်ကျော်တို့၏ ကုသိုလ်တော်ကြီး ဖြစ်လာရကာ ယခုအခါ “ရင်ပြင်တော်မှ စိန်ဖူးတော်ထိပ်အထိ အမြင့်ဉာဏ်တော် ပေပေါင်း ၃၇၃ ပေ ၉ လက်မ” ရှိခဲ့ပြီ ဖြစ်ပါသည်။ မားမားစွင့်စွင့်မိုးယံသို့ မြင့်အောင် ရွှေတောင်ကြီးပမာ ကြည်ညိုဖွယ်ရာဖြစ်ပါသည်။ အံ့ချီးဖွယ်၊ ကြည်ညိုဖွယ်ဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီးဖြစ်ပါသည်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား အနောက်ဘက်ခြင်္သေ့မုခ်ဦးမှ ဖူးမြော်ရစဉ်။

ရွှေမော်ဓောဘုရားပွဲတော်သည် အောက်မြန်မာပြည်တွင် အစည်ကားဆုံးဖြစ်သော ပွဲတော်ဖြစ်ပါသည်။ ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ပွဲများ အများဆုံး ပါဝင်ကပြသော ပွဲတော်ကြီးလည်းဖြစ်ပါသည်။ တောင်သူလယ်သမားများ စပါးသိမ်း၊ ပဲသိမ်းပြီး၍ ငွေကြေးရွှင်သော အချိန်ကာလတွင် ကျင်းပသော ပွဲတော်ဖြစ်ရာ ပဲခူးနယ်တစ်ဝိုက်ရှိ ကျေးရွာအသီးသီးမှ တောင်သူလယ်သမားများသည် လှည်းများဖြင့် ရွာလုံးကျွတ်စားအိုးစားခွက်၊ အိမ်မွေးတိရစ္ဆာန်ပါမကျန်ခေါ်ဆောင်၍ လာရောက်ဖူးမြော်ကြပါသည်။လှူကြတမ်းကြပါသည်။ လုပ်ငန်းခွင်၌ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်သမျှကို ပျော်ပွဲရွှင်ပွဲများ၌ အပန်းဖြေကြခြင်းဖြင့် နောင်နှစ်အတွက် အားသစ်ခွန်သစ်များကို မွေးကြပါသည်။ ပွဲတော်၏ ဈေးတန်းတွင် အညာကုန်၊ အောက်ကုန်များလည်း စုံလင်လှပါသည်။ မကွေးမြို့က ကွမ်းညှပ်နှင့် ရွှေဘိုမြို့က သနပ်ခါးလည်းပါပါသည်။ ပန်းတနော်မြို့က သင်ဖြူးဖျာနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများလည်း စုံလင်စွာရောင်းချပါသည်။ စက်ရုံ၊ အလုပ်ရုံများမှထုတ်လုပ်သော ပြည်တွင်းဖြစ် အသုံးအဆောင်ပစ္စည်းများ စုံလင်စွာရောင်းချ သည့် အပြင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်း ဆိုင်တွင်လည်း လူသုံး၊ အိမ်သုံးကုန်ပစ္စည်း အမျိုးစုံလင်လှပါသည်။ ဘုရားပွဲတော်ရက်အတွင်း တစ်ခါ တစ်ခေါက် လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ ဓမ္မသဘင်များ

ရန်ကုန် မတ် ၁၄

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီးဓမ္မသိင်္ဂီ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသိင်္ဂီ ပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပသာသနာပြုဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် မတ် ၁၆ ရက်နှင့် ၁၇ ရက်နေ့ညများတွင် ကျုံမငေးမြို့ မြတ်စွယ်တော် ဗုဒ္ဓပူဇနီယအကြိုတရားပွဲများ၊ ၁၈ ရက်ညတွင် မုံရွာအရှင်ဝိသုတ၏ ဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌပူဇာသဘင်အကြိုတရားပွဲ၊ ၁၉ ရက်တွင် မြောက်ဥက္ကလာပ မွေးနေ့အလှူ အနုမောဒနာတရား၊ ၂၁ ရက်တွင် ဒဂုံမြောက်ပိုင်း အထက–၄ လူငယ်တရားစခန်းပွဲ၊အဖွင့်တရားပွဲ၊ ၂၂ ရက်တွင် မြောက်ဒဂုံ အထက–၄တွင် မွန်းလွဲ ၁ နာရီပွဲနှင့် ည ၇ နာရီတရားပွဲ၊ ၂၃ ရက်တွင် မြောက်ဒဂုံ အထက–၄ ညတရားပွဲ၊ ၂၄ ရက်တွင် မြောက်ဒဂုံ အထက–၄ နေ့တရားပွဲ၊ ၂၅ ရက်တွင် မြောက်ဒဂုံ အထက–၄ နေ့ တရားပွဲနှင့် ညတရားပွဲ၊ ၂၆ ရက်တွင် မြောက်ဒဂုံ အထက–၄ နေ့ တရားပွဲ၊ ၂၇ ရက်တွင် မြောက်ဒဂုံ အထက–၄ နေ့ တရားပွဲနှင့် ညတရားပွဲ၊ ၂၈ ရက်တွင် လက်ပံတန်းမြို့ ဓိးဖြူကုန်း ညတရားပွဲတို့ကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက်ကမာရွတ်မြို့နယ် လှည်းတန်း ၃ လမ်းနေ (ဦးထွန်းကြိုင်–ဒေါ်အေးကြည်) တို့ ကိုယ်စား အစ်မကြီး ဒေါ်ရင်နု၊ အစ်ကိုကြီး ဦးသောင်းညွန့် အမှုးထား၍ သား ဦးတင်ညွန့်နှင့် ဇနီး ဒေါ်အမာကြည်တို့က အလှူငွေကျပ် ၁၁၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း အဝေရာလမ်းနေ မောင်ဉာဏ်ဝင်း (၄၃) နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဦး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သော အဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ မတ် ၅ ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဗဟိုလမ်း (ဗဟိုလမ်းနှင့်ဘူတာလမ်းထောင့်)ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိ၊ ယာဉ်တွင်ပါရှိရမည့် အစိတ်အပိုင်းများ ပြည့်စုံစွာပါရှိခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီမောင်းနှင်ခြင်း ရှိ၊မရှိတို့ကို စစ်ဆေး၍ အရေးယူခဲ့ပြီး ပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့် ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်တို့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝ့်တို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)